

ထူးခြားဆန်းပြားလှတဲ့ စိတ်ကူးယဉ်ဇာတ်လမ်းကြောင့် ၂၀၀၉ ခုနှစ်မှာ အရမ်းနာမည်ကြီးခဲ့တဲ့ Prototype ရဲ့ နောက်ဆက်တွဲ game အသစ် Prototype 2 ဟာ ၂၀၁၂ ခုနှစ်အတွင်းမှာ ထွက်ရှိလာပါတော့မယ်။

Prototype 2 ကို ၂၀၁၀ ပြည့်နှစ် Spike VGA ဆုပေးပွဲမှာကတည်းက စတင်ကြေညာထားခဲ့တာဖြစ်ပြီး Murder Your Maker ဆိုတဲ့ ကြော်ငြာစာသား Tagline ကြောင့် ပရိသတ်တွေရဲ့ စိတ်ဝင်စားမှုတွေကို ရရှိထားခဲ့ပါတယ်။ ယခု game ကို ကမ္ဘာကျော်ကုမ္ပဏီကြီးဖြစ်တဲ့ Activision က ပိုင်ဆိုင်ထားပြီး ကနေဒါနိုင်ငံမှာတည်ရှိတဲ့ Radical entertainment က ရေးဆွဲထုတ်လုပ်ထားတာ ဖြစ်ပါတယ်။

## Game ဇာတ်လမ်း

မူလ Prototype ဇာတ်လမ်းမှာ အဓိကဇာတ်ကောင်ဖြစ်ခဲ့တဲ့ Alex Mercer ဟာ ယခုဇာတ်လမ်းမှာတော့ ဗီလိန်တစ်ယောက်ဖြစ်နေပါပြီ။ Blackwatch အဖွဲ့က ဖန်တီးတီထွင်လိုက်တဲ့ blacklight virus ပိုးမွှားကူးစက်ပြန့်ပွားမှုကြောင့် ယိုယွင်းပျက်စီးနေပြီဖြစ်တဲ့ New York မြို့ကြီးကို ယခု New York Zero (NYZ) လို့အမည်ပြောင်းခေါ်ဆို ထားပါတယ်။ မြို့တစ်မြို့လုံးကို ဇုန်ကြီး ၃ ပိုင်း ခွဲခြားထားပြီး ဇုန်နီ (Red Zone)၊ ဇုန်ဝါ (Yellow Zone)၊ ဇုန်စိမ်း (Green Zone) စသဖြင့် ပိုင်းခြားထားပါတယ်။

Alex Mercer ရှိနေတဲ့ Manhattan ဒေသဟာ ဇုန်နီအတွင်းမှာ တည်ရှိပြီး blacklight virus တွေ အတားအဆီးမရှိ ကူးစက်ဆိုးရွားလှတဲ့ ဇုန် ဖြစ်ပါတယ်။ ဇုန်ဝါကတော့ ဆင်းရဲသားလူအများစု နေထိုင်ရာ ဒေသဖြစ်ပြီး virus ကူးစက်မှုကတော့ နည်းပါးနေပါသေးတယ်။ ဇုန်စိမ်း အတွင်းမှာတော့ virus ပိုးကူးစက်မှု လုံးဝမရှိသေးတဲ့အန္တရာယ်ကင်း ဒေသဖြစ်နေပေမယ့် ယင်းဧရိယာကို Blackwatch က အပိုင်စီး ထိန်းချုပ်ထားပါတယ်။








ယခု Prototype 2 ဇာတ်လမ်းရဲ့ ဇာတ်ကောင်အသစ်ကတော့ Sergeant James Heller ဖြစ်ပါတယ်။ မူလ Prototype ဇာတ်လမ်းအပြီး ၁၄ လအကြာမှာ အာဖဂန်နစ္စတန်နဲ့ အီရတ်အစရှိတဲ့ ရှေ့တန်း စစ်မျက်နှာမှ ပြန်လာတော့မယ့် Sergeant James Heller ဟာ မပြန်မီရက်ပိုင်းမှာပဲ မိသားစုနဲ့ တယ်လီဖုန်း အဆက်အသွယ်ရခဲ့ပြီး တကယ်တမ်း ပြန်လည်ရောက်ရှိလာချိန်မှာတော့ သူ့ရဲ့မိသားစုဟာ Blackwatch မှ လွတ်မြောက် ထွက်ပြေးသွားတဲ့ Alex Mercer ကြောင့် blacklight virus ကူးစက်ခံရပြီး သေဆုံးသွားကြပြီ ဖြစ်ပါတယ်။

Heller ဟာ ယင်း virus ကို ချေမှုန်းပစ်နိုင်ဖို့ တပ်ထဲပြန်ဝင်ခဲ့ပါတယ်။ ဒေါသပြင်းထန်လွန်းပြီး အသေခံတိုက်ခိုက်တတ်တဲ့ Heller ဟာ အန္တရာယ်များလှတဲ့ မစ်ရှင်တိုက်ပွဲတိုင်းကို အောင်မြင်လာတာကြောင့် တဖြည်းဖြည်းနဲ့ အရေးကြီးတဲ့ လျှို့ဝှက်သတင်းအချက်အလက်တွေကို သိရှိလာခဲ့ပါတယ်။ အမေရိကန်ပြည်ထောင်စုနိုင်ငံဟာ တစ်ချိန်တုန်းက ကြုံတွေ့ခဲ့ရတဲ့ စစ်အေးတိုက်ပွဲကြီးမှာ အဏုမြူနဲ့ ဇီဝပိုးမွှား စစ်ပွဲရန်စွယ်တွေကို ရင်ဆိုင်ကာကွယ်နိုင်ဖို့ Blackwatch ကို ဖွဲ့စည်းတည်ထောင်ခဲ့တာ ဖြစ်ပါတယ်။ ၁၉၆၃ ခုနှစ်မှာတော့ Blackwatch ရဲ့ ဇီဝသိပ္ပံပညာရှင်တွေဟာ blacklight virus ကို တီထွင်ခဲ့တဲ့အခါမှာ Alex Mercer ဟာ မူလက Blackwatch က gentek scientist တစ်ဦးဖြစ်ခဲ့ပါတယ်။ သူဟာ virus ကူးစက်ခံရပြီး သေဆုံးပြီလို့ ယူဆထားရှိရာမှ ယခုကဲ့သို့ ထူးဆန်းတဲ့အစွမ်းသတ္တိတွေနဲ့ mutation ဖြစ်ကာ ကူးစက်သန္ဓေပြောင်း ရှင်သန်လာတာ ဖြစ်ပါတယ်။

Heller ဟာ သူ့ရဲ့မစ်ရှင်တစ်ခုမှာတော့ သေဆုံးနိုင်လောက်တဲ့ ဒဏ်ရာတွေ ပြင်းပြင်းထန်ထန်ရရှိခဲ့ပေမယ့် ယင်းကို Alex Mercer က ကယ်တင်ပေးခဲ့ပါတယ်။ ဒါပေမဲ့ Mercer ဆီက virus ကူးစက်ခံခဲ့ရပြီး James Heller ဟာ Mercer လိုပဲ အဆင့်ဆင့် ကူးစက်သန္ဓေပြောင်း mutation ဖြစ်ပွားပြီး ထူးဆန်းတဲ့စွမ်းပကားသစ်တွေ ရရှိလာပါတယ်။ power အစွမ်းတွေနဲ့ Heller ဟာ ယင်းမိသားစုကို သေဆုံးစေခဲ့တဲ့ black virus နဲ့ Alex Mercer တို့ကို အပြီးသတ် ချေမှုန်းဖျက်ဆီးဖို့ ဆုံးဖြတ်ပြီးတဲ့နောက်မှာ Mercer ကို အမိက လက်စားချေဖို့ လိုက်လံရှာဖွေပါတော့တယ်။ တစ်ချိန်တည်းမှာပဲ Blackwatch ဟာ Heller ကိုပါ ပစ်မှတ်အဖြစ် သတ်မှတ်ထားရှိပြီး ထိန်းချုပ်ဖမ်းဆီးဖို့ ကြိုးစားနေပါတယ်။ ဒီလိုနဲ့ပဲ Mercer ၊ Heller နဲ့ Blackwatch တို့ အပြန်အလှန် ရှာဖွေတိုက်ခိုက် ကြတော့မယ့် Prototype 2 ဇာတ်လမ်း ဖြစ်လာပါတော့တယ်။

## နည်းပညာပိုင်း

Radical entertainment ကုမ္ပဏီဟာ သက်တမ်း အနှစ် ၂၀ အတွင်းမှာ game engine အမျိုးစုံကို ရေးဆွဲအသုံးပြုခဲ့ပေမယ့် ၂၀၀၅ ခုနှစ်





နောက်ပိုင်းမှာတော့ engine တစ်မျိုးတည်းကိုသာ စွဲစွဲမြဲမြဲ စတင်အသုံးပြုခဲ့ပါတယ်။ ယင်းအင်ဂျင်ဟာ ၂၀၀၉ ခုနှစ်မှာ အအောင်မြင်ဆုံးဖြစ်ခဲ့တဲ့ Prototype က titanium engine ဖြစ်ပြီး ယခု Prototype 2 မှာတော့ ယင်းကို အဆင့်မြှင့်တင်ထားတဲ့ Titanium 2.0 ကို အသုံးပြုရေးဆွဲထားပါတယ်။

Prototype 2 ကို ဆော့ကစားရာမှာ 3rd person view အနေနဲ့ ကိုင်တွယ်ထိန်းချုပ်ကစားရမှာဖြစ်ပြီး ဇာတ်လမ်းဇာတ်ကွက်အရ သွားလာလှုပ်ရှားရမယ့် game မြေပုံဟာ open world ပုံစံ ဖြစ်ပါလိမ့်မယ်။ Radical entertainment ရဲ့အဆိုအရ မူလကစီစဉ်ထားသလို online multiplayer ပုံစံကို ထည့်သွင်းတော့မှာမဟုတ်ဘဲ single player ပုံစံဇာတ်လမ်းသွားကိုပဲ အထူးပြုရေးဆွဲထားတယ်လို့ သိရပါတယ်။ Prototype 2 ကို ဆော့ကစားနိုင်မယ့် game platform တွေထဲမှာ playstation 3 နဲ့ Xbox 360 စတဲ့ console တွေအတွက် ဧပြီလအတွင်း အရင်ထွက်ရှိလာမှာဖြစ်ပြီး PC version ကိုတော့ ဇူလိုင်လအတွင်းမှာ ထုတ်လုပ်ဖြန့်ချိပါလိမ့်မယ်။

Prototype 2 ကို ကြော်ငြာဈေးကွက်မြှင့်တင်တဲ့အနေနဲ့ facebook app တစ်ခုကိုလည်း ရေးဆွဲလွှင့်တင်ထားပါတယ်။ BlackNet လို့ အမည်ပေးထားတဲ့ ယင်း app ကို facebook မှာ ဝင်ရောက်ဆော့ကစားပြီးတော့ Prototype 2 အကြောင်း video တွေ၊ interview တွေ ပြသပေးတာကို တွေ့မြင်ကြည့်ရှုရမှာ ဖြစ်ပါတယ်။ Activision ကုမ္ပဏီကြီးကလည်း Prototype 2 ကို အားဖြည့်ကြော်ငြာတဲ့အနေနဲ့ Apple iOS တွေမှာ ဆော့ကစားနိုင်မယ့် ProtoSlice ဆိုတဲ့ iPhone game ကို အခမဲ့ထုတ်လုပ်ဖြန့်ချိထားပါတယ်။

## Conclusion

Prototype မူလဇာတ်လမ်းမှာကတည်းက စိတ်ဝင်စားစရာကောင်းသလို ပြင်ပမှာလည်း အသစ်ထွက်ရှိနေတဲ့ ယခုဇာတ်လမ်းကို ဆက်စပ်ပံ့ပိုးပေးနေတဲ့ comic cartoon တွေကြောင့် Prototype 2 ဟာ နာမည်ကြီးပြီးသားဖြစ်နေပါတယ်။ Prototype ပရိသတ်တွေကတော့ နောက်ဆက်တွဲအသစ်ထွက်ရှိလာတာဖြစ်တဲ့အပြင် ဇာတ်ကောင်အသစ်၊ power အစွမ်းအသစ်တွေကြောင့် ကျေနပ်ကြမှာပါ။



ရေးဆွဲသူတွေကတော့ မူလ game က နာမည်ကြီး လူကြိုက်များတာတွေကို ပိုပြီး စိတ်ဝင်စားစရာတွေဖြစ်အောင် ထည့်သွင်းရေးဆွဲထားပြီး လူကြိုက်နည်းတဲ့ အားနည်းချက်တွေ (ဥပမာ– graphic ၊ ပစ်မှတ်ချိန်ရွယ်တဲ့ပုံစံ၊ အပို mission) ကိုလည်း တစ်ခုမကျန် ပြင်ဆင်ထားတယ်လို့ ဆိုပါတယ်။ ဒီလိုအချက်တွေသာ အားလုံးမှန် ကန်နေမယ်ဆိုရင်တော့ ဝယ်ဆော့ဖို့သာ ပြင်ဆင်ထားရမှာ ဖြစ်ပါတယ်။

**MJD (4AM digital services)**

# PS3 & Xbox Games

## MLB 11: The Show



ကိုယ်က အဖွဲ့ကို စီမံခန့်ခွဲချင်တာပဲဖြစ်ဖြစ် တစ်ဦးချင်း ဆော့ကစားချင်တာပဲဖြစ်ဖြစ် MLB 11: The Show ဒေါ်လာ ၆၀ က baseball ချစ်သူတွေအတွက် ကမ္ဘာ့အဆင့် simulation game တစ်ခုပါပဲ။ ကောင်းမွန်တဲ့ ဆော့ကစားနိုင်မှုတွေပါရှိတဲ့ ဒီ game က ကျော်ကြားပြီးဖြစ်တဲ့ game series ကို အရောင်တင်ပေးလိုက်တာပါပဲ။ (PS3)

## Portal 2




First-person Portal 2 ဒေါ်လာ ၄၀ game မှာ ကိုယ်က ပျက်စီးနေတဲ့ သုတေသနဌာန တစ်ခုအတွင်းမှာ သွားလာလှုပ်ရှားရမှာပါ။ အဲဒီမှာ aperture တွေကို portal gun တွေ သုံးပြီး အဖွင့်၊ အပိတ်လုပ်တာ အခန်း တစ်ခုကနေတစ်ခု ကူးသွားတာတွေ ပါဝင်ပါတယ်။ လွတ်မြောက်ဖို့ အတွက်က ဖန်တီးမှုမြင့်မားတဲ့ တွေးခေါ်နိုင်စွမ်း ရှိရပါမယ်။ အဖြေက တော့ ကိုယ့်စိတ်ထဲမှာ အမြဲပေါ်လာမှာပါ။ ဒီ portal 2 game ဟာဆိုရင် မဆော့မဖြစ်ဆော့ရမယ့် ပျော်ရွှင်စရာ game တစ်ခုပါပဲ။ (PS3, Xbox 360)

## Rock Band 3




Guitar ၊ ဒါမှမဟုတ် bass guitar ကို တီးခတ်သီဆိုချင်ပါသလား။ Rock Band 3 ဒေါ်လာ ၄၀ မှာ တီးခတ်နိုင်တဲ့ ပျော်ရွှင်စရာ tunes တွေ ပါဝင်ပါတယ်။ အဲဒါအပြင် download လုပ်နိုင်တဲ့ သီချင်း catalog လည်း ပါဝင်ပြီး Mustang Pro Guitar စနစ်နဲ့ လုပ်ကိုင်သင်ကြားပေးနိုင်တဲ့ Pro Mode လည်းပါဝင်တဲ့အတွက် အစစ်အမှန်လို ခံစားရမှာပါ။ (PS3, Xbox 360)

# Wii Games

## Super Smash Bros, Brawl




Wii game တွေရဲ့ ပြောင်မြောက်တဲ့ game စွမ်းပကားကို အကောင်း ဆုံးပြသနိုင်တဲ့ Smash Bros, Brawl ဒေါ်လာ ၅၀ ဟာဆိုရင် high-energy multiplayer တိုက်ခိုက်ရေး game တစ်ခု ဖြစ်ပါတယ်။ အစပိုင်းမှာ ကလေးတွေ ပြင်းပြင်းထန်ထန် တိုက်ခိုက်ပါလိမ့်မယ်။ ဒါက ပျော်ရွှင်စရာ အရမ်းကောင်းပါတယ်။ ကိုယ်က ညနေခင်းလေ့ကျင့်ချိန်မှာ နိုးထွက်မှု အနည်းငယ်လုပ်ချင်ရင် ပိုပျော်စရာကောင်းပါလိမ့်မယ်။ (Wii)

## Uncharted 2: Among Thieves




Raiders of the lost Ark game နဲ့ညီမျှတဲ့ အဆင့်ရထားတဲ့ game ဖြစ်တဲ့ Uncharted 2: Among Thieves ဒေါ်လာ ၃၀ က ထိပ်တန်း action game တစ်ခုဖြစ်ပါတယ်။ ကိုယ့်ရဲ့ ဇာတ်ဆောင်တွေက နှစ်လိုဖွယ် အရည်အချင်းတွေ ရှိပါတယ်။ အားနည်းချက်တွေရှိတဲ့ ကိုယ့်ရဲ့ကောင် Nathan Drake က ဒုက္ခတွေကြားမှာ ဗျာများနေမှာပါ။ ပစ်ခတ်တာတွေ၊ ရှာဖွေစူးစမ်းတာတွေ၊ တိုက်ခိုက်တာတွေက game ထဲမှာပြည့်စုံစွာနဲ့ရှိနေပါတယ်။ (Wii)

# Top 5 Big-Screen All-in-One Desktop PCs

| MODEL | | | Rating | Performance | Features and specifications |
|---|---|---|---|---|---|
| 1 |  | BEST BUY Lenovo IdeaCentre B520<br>$1799 NEW<br>find.pcworld.com/72471 | SUPERIOR | • WorldBench 6 score: 156<br>• WorldBench 6 rating: Superior<br>• Overall design: Very Good | • 3.4GHz Core i7-2600<br>• 8GB RAM; 2TB storage<br>• Nvidia GeForce GT 555M<br>• Blu-ray drive |
| | | ▸ The Lenovo IdeaCentre B520 is an advance for all-in-ones, but lacks some high-end features while retaining a high-end price. | | | |
| 2 |  | HP TouchSmart 610 Quad<br>$1599<br>find.pcworld.com/71785 | VERY GOOD | • WorldBench 6 score: 135<br>• WorldBench 6 rating: Good<br>• Overall design: Very Good | • 2.93GHz Core i7-870<br>• 8GB RAM; 1TB storage<br>• ATI Radeon HD 5570<br>• DVD-RW drive |
| | | ▸ Outstanding general performance and an excellent touchscreen help the TouchSmart 610 Quad stand out among all-in-ones. | | | |
| 3 |  | HP TouchSmart 620 3D Edition<br>$1899 NEW<br>find.pcworld.com/72472 | VERY GOOD | • WorldBench 6 score: 137<br>• WorldBench 6 rating: Good<br>• Overall design: Very Good | • 2.8GHz Core i7-2600S<br>• 8GB RAM; 1.5TB storage<br>• AMD Radeon HD 6450A<br>• DVD-RW drive |
| | | ▸ HP's first 3D all-in-one leaves much to be desired; big 3D fans may want to wait. It does have a bright screen and a sturdy base. | | | |
| 4 |  | HP TouchSmart 520<br>$1400 NEW<br>find.pcworld.com/72473 | VERY GOOD | • WorldBench 6 score: 142<br>• WorldBench 6 rating: Very Good<br>• Overall design: Good | • 2.3GHz Core i5-2410M<br>• 4GB RAM; 700GB storage<br>• Intel Integrated Graphics<br>• DVD-RW drive |
| | | ▸ This model is a great deal: It is an excellent performer with premium specs (though less storage) going for about $1400. | | | |
| 5 |  | Dell Inspiron One 2320<br>$1300 NEW<br>find.pcworld.com/72474 | GOOD | • WorldBench 6 score: 134<br>• WorldBench 6 rating: Good<br>• Overall design: Fair | • 2.5GHz Core i5-2400S<br>• 6GB RAM; 1.5TB storage<br>• Nvidia GT 525M<br>• Blu-ray drive |
| | | ▸ This competitively priced 23-inch model is a solid performer, but it has an inaccurate touchscreen and a cheap-looking build. | | | |

CHART NOTES: Ratings are as of 11/22/11. Big-screen all-in-ones generally have screens 23 inches (measured diagonally) or larger.

# Top 5 Business Desktop PCs

| MODEL | | | Rating | Performance | Features and specifications |
|---|---|---|---|---|---|
| 1 |  | HP Z210 CMT<br>$2312 NEW<br>find.pcworld.com/72106 | SUPERIOR | • WorldBench 6 score: 150<br>• WorldBench 6 rating: Superior<br>• Overall design: Superior | • 3.3GHz Xeon E3-1240<br>• 8GB RAM; 1TB storage<br>• Nvidia Quadro 2000<br>• DVD-RW drive |
| | | u The powerful Z210 CMT workstation can handle heavy graphics and 3D tasks, and for its slight price premium it offers optimized hardware. | | | |
| 2 |  | Dell Optiplex 990 SFF<br>$1920 NEW<br>find.pcworld.com/72107 | SUPERIOR | • WorldBench 6 score: 152<br>• WorldBench 6 rating: Superior<br>• Overall design: Superior | • 3.4GHz Core i7-2600<br>• 4GB RAM; 1TB storage<br>• AMD Radeon HD 6450<br>• Blu-ray drive |
| | | u Dell's Optiplex 990 SFF squeezes past most of its rivals in the business desktop category, offering strong general performance at a fair price. | | | |
| 3 |  | BEST BUY Dell Vostro 460<br>$1163 NEW<br>find.pcworld.com/72108 | VERY GOOD | • WorldBench 6 score: 156<br>• WorldBench 6 rating: Superior<br>• Overall design: Good | • 3.4GHz Core i7-2600<br>• 4GB RAM; 500GB storage<br>• Intel integrated graphics<br>• DVD-RW drive |
| | | u The Dell Vostro 460 delivers great general performance, but the system's reliance on integrated graphics may limit its flexibility. | | | |
| 4 |  | Lenovo ThinkCentre M91p<br>$1180 NEW<br>find.pcworld.com/72109 | GOOD | • WorldBench 6 score: 142<br>• WorldBench 6 rating: Very Good<br>• Overall design: Fair | • 2.7GHz Core i5-2500S<br>• 4GB RAM; 500GB storage<br>• Intel integrated graphics<br>• DVD-RW drive |
| | | u Unless you love old-school ThinkPad laptops, you can get similar performance and better specs for less than the ThinkCentre M91p costs. | | | |
| 5 |  | Acer Veriton L4610G<br>$699 NEW<br>find.pcworld.com/72111 | GOOD | • WorldBench 6 score: 125<br>• WorldBench 6 rating: Good<br>• Overall design: Good | • 2.7GHz Core i5-2400S<br>• 4GB RAM; 320GB storage<br>• Intel integrated graphics<br>• DVD-RW drive |
| | | u The Veriton L4610G is a small and speedy machine, but it can't quite match the performance that some older Acer models have achieved. | | | |

CHART NOTES: Ratings are as of 7/25/11.